# နိုင်ငံခြားသား အိမ်အကူများအတွက် သီးခြားခွဲနေထိုင်ခြင်း အစီအစဉ်များ
# (2022 ခုနှစ် ဩဂုတ်လ 23 ရက်နေ့တွင် ပြုပြင်ခဲ့သည်)

**<u>သီးခြားခွဲထားမှု အစီအစဉ်</u>**

2022 ခုနှစ် ဩဂုတ်လ 12 ရက်နေ့မှစတင်၍ ဟောင်ကောင်တွင် အလုပ်လုပ်ရန်လာရောက်မည့် နိုင်ငံခြားသားအိမ်အကူများ (FDHs) သည် "3+4" မော်ဒယ်အရ (နိုင်ငံတကာမှ ဝင်ရောက်လာမည့် အခြားခရီးသွားများနှင့်အတူ) သီးခြားခွဲနေရပါမည်။ ဆိုလိုသည်မှာ သတ်မှတ်ထားသော သီးခြားဟိုတယ်များ (DQHs) တွင် သုံးရက်မဖြစ်မနေ သီးခြားခွဲနေထိုင်ပြီးနောက် အိမ်တွင်လေးရက် ဆေးဘက်ဆိုင်ရာစောင့်ကြည့်မှုကို ဆက်လက်ပြုလုပ်ရပါမည်။ ၎င်းတို့သည် ဆေးဘက်ဆိုင်ရာ စောင့်ကြည့်ကာလနှင့် နောက်ဆက်တွဲသုံးရက် ကိုယ်တိုင်စောင့်ကြည့်ကာလအတွင်း စမ်းသပ်မှုများစွာကို ပြုလုပ်ရန်လိုအပ်ပါသည်။ FDHs သည် ဆေးဘက်ဆိုင်ရာ စောင့်ကြည့်ကာလအတွင်း ကာကွယ်ဆေးလက်မှတ်အရ ပယင်းကုဒ်ကန့်သတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး နှာခေါင်းစည်းမဝတ်ခြင်း သို့မဟုတ် အဖွဲ့လိုက်လှုပ်ရှားမှုများအပါအဝင် ကာကွယ်မှုလိုအပ်သည့် အဆောက်အအုံများကဲ့သို့ အန္တရာယ်ရှိသောနေရာများသို့ ဝင်ရောက်ခွင့်မရှိပါ။ (အောက်ဖော်ပြပါ "အလုပ်ရှင်များနှင့် အလုပ်သမားများအတွက် သတိပေးချက်များ" အရ ကျေးဇူးပြု၍ (h) ကို ကြည့်ပါ)

<u>"3+4" မော်ဒယ်အရ သီးခြားခွဲထားခြင်းနှင့် စမ်းသပ်ခြင်း အစီအစဉ်များဆိုင်ရာ အသေးစိတ်အချက်အလက်များ</u>

| | |
|---|---|
| ပထမဆုံး ရောက်သည့်နေ့ (0 ရက်) | ● ပထမဆုံး နျူကလစ်အက်ဆစ် စမ်းသပ်မှုကို ခံယူပါ |
| မဖြစ်မနေ သီးခြားခွဲနေထိုင်ခြင်း 3 ရက် (1 ရက်မြောက်မှ 3 ရက်မြောက်နေ့အထိ) | ● DQHs တွင် သုံးညတာ မဖြစ်မနေရ သီးခြားခွဲနေထိုင်ခြင်းကို ပြုလုပ်ပါ (DQHs အချက်အလက်များ (အခန်းခများအပါအဝင်) ကို ဤစာရင်းတွင် ဖော်ပြထားပါသည်)<br>● လျင်မြန်သော အန်တီဂျင်စစ်ဆေးမှုများ (RATs) ကို နေ့စဉ်ပြုလုပ်ပါ။<br>● DQHs တွင် 2 ရက်မြောက်နေ့၌ နျူကလိစ်အက်ဆစ် စမ်းသပ်မှုကို ပြုလုပ်ပါ နှင့်<br>● ဆက်တိုက် စစ်သပ်မှုရလဒ်များ ရရှိပြီးနောက် 3 ရက်မြောက်နေ့ နံနက်တွင် မဖြစ်မနေ သီးခြားခွဲနေထိုင်ခြင်းအား ပြီးမြောက်ပါသည် |

| | |
|---|---|
| ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှု 4 ရက် (4 ရက်မြောက်မှ 7 ရက်မြောက်နေ့အထိ) | ● DQHs မဟုတ်သော အလုပ်ရှင်များ၏နေအိမ်များ သို့မဟုတ် လိုင်စင်ရ ဟိုတယ်များ သို့မဟုတ် တည်းခိုခန်းများတွင် လေးညတာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုကို ပြုလုပ်ပါ<br>● RATs ကို နေ့စဉ်လုပ်ဆောင်ပါ<br>● FDHs သည် အလုပ်ရှင်များ၏နေအိမ်တွင် အလုပ်လုပ်နိုင်ပြီး RATs ၏ အနုတ်လက္ခဏာရလဒ်များ ထွက်ရှိပြီးနောက် အပြင်ထွက်နိုင်သော်လည်း ကာကွယ်ဆေးလက်မှတ်အရ ပယင်းကုဒ် ကန့်သတ်ချက်များကို လိုက်နာရပါမည် နှင့်<br>● 4 ရက်မြောက်နှင့် 6 ရက်မြောက်နေ့တို့တွင် RATs ၏ အနုတ်လက္ခဏာ ရလဒ်များ ထွက်ရှိပြီးနောက် ၎င်းတို့သည် တူညီသောရက်များတွင် ဒေသအတွင်းရှိ စစ်ဆေးရေးစင်တာ (အခမဲ့) ရွေ့လျားနမူနာ စုဆောင်းရေးဌာနများ (အခမဲ့) သို့မဟုတ် အစိုးရအသိအမှတ်ပြု ဒေသန္တရ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုတွင် အခကြေးငွေပေးဆောင်ကာ စမ်းသပ်မှုတစ်ခုကို ပြုလုပ်ရန်လိုအပ်ပါသည် |
| စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်းနှင့် စမ်းသပ်ခြင်း။ (ကိုယ်တိုင်စောင့်ကြည့် စစ်ဆေးခြင်း 3 ရက်) (8 ရက်မြောက်မှ 10 ရက်မြောက်နေ့အထိ) | ● DQHs မဟုတ်သော အလုပ်ရှင်များ၏နေအိမ်များ သို့မဟုတ် လိုင်စင်ရ ဟိုတယ်များ သို့မဟုတ် တည်းခိုခန်းများတွင် လေးည ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုကို ပြုလုပ်ပါ<br>● RATs ကို နေ့စဉ်လုပ်ဆောင်ပါ<br>● FDHs သည် အလုပ်ရှင်များ၏နေအိမ်တွင် အလုပ်လုပ်နိုင်ပြီး RATs ၏ အနုတ်လက္ခဏာရလဒ်များ ထွက်ရှိပြီးနောက် အပြင်ထွက်နိုင်သော်လည်း ကာကွယ်ဆေးလက်မှတ်အရ ပယင်းကုဒ်ကန့်သတ်ချက်များကို လိုက်နာရန် မလိုအပ်ပါ နှင့်<br>● 9 ရက်မြောက်နေ့တို့တွင် RATs ၏ အနုတ်လက္ခဏာ ရလဒ်များ ထွက်ရှိပြီးနောက် ၎င်းတို့သည် တူညီသောရက်များတွင် ဒေသအတွင်းရှိ စစ်ဆေးရေးစင်တာ (အခမဲ့) ရွေ့လျားနမူနာ စုဆောင်းရေးဌာနများ (အခမဲ့) သို့မဟုတ် အစိုးရအသိအမှတ်ပြု ဒေသန္တရ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုတွင် အခကြေးငွေပေးဆောင်ကာ စမ်းသပ်မှုတစ်ခုကို ပြုလုပ်ရန် လိုအပ်ပါသည် |

**ဥပမာ** - FDH သည် ဩဂုတ်လ 12 ရက်နေ့တွင် ဟောင်ကောင်သို့ရောက်ရှိပါက ဆိုက်ရောက်သည့်

နေ့သည် 0 ရက် ဖြစ်သည်။ ၎င်းတို့သည် DQH တွင် 3 ရက်မြောက်နေ့နံနက် (ဩဂုတ်လ 15 ရက်) တွင် သီးခြားခွဲနေခြင်း ပြီးမြောက်ကာ 7 ရက်မြောက်နေ့နံနက် (ဩဂုတ်လ 19 ရက်) တွင် ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှု ပြီးမြောက်မည်ဖြစ်ပါသည်။ ဆေးဘက်ဆိုင်ရာစောင့်ကြည့်ခြင်းနှင့် နောက်ဆက်တွဲ ကိုယ်တိုင်စောင့်ကြည့် ကာလအတွင်း FDH သည် 4 ရက်မြောက်နေ့ (ဩဂုတ်လ 16 ရက်) မှ 10 ရက်မြောက်နေ့ (ဩဂုတ်လ 22 ရက်) (နှစ်ရက်စလုံးပါဝင်သည်) တွင် RAT စမ်းသပ်မှုများကို နေ့စဉ်ပြုလုပ်ကာ 4 ရက်မြောက်နေ့ (ဩဂုတ်လ 16 ရက်)၊ 6 ရက်မြောက်နေ့ (ဩဂုတ်လ 18) နှင့် 9 ရက်မြောက်နေ့ (ဩဂုတ်လ 21 ရက်) တို့တွင် နျူကလစ်အက်ဆစ် စမ်းသပ်မှုများကို ပြုလုပ်ရပါမည်။

**ကူးပြောင်းမှု အစီအစဉ်** - ဩဂုတ်လ 12 ရက်နေ့မတိုင်မီ DQHs တွင် အနည်းဆုံးသုံးညတာ မဖြစ်မနေ သီးခြားခွဲနေထိုင်ခြင်း ပြီးမြောက်သွားသော FDHs အတွက် ဩဂုတ်လ 9 ရက်နေ့မှ ဩဂုတ်လ 12 ရက်နေ့အထိ နျူကလိစ်အက်ဆစ်စစ်ဆေးမှု အနုတ်လက္ခဏာရလဒ်များကို အတည်ပြုပြီးနောက်တွင် အစိုးရကၡင်းတို့အား ဟိုတယ်များမှစနစ်တကျထွက်ခွာရန် စီစဉ်ပေးပါမည်။ DQHs မှ ထွက်ခွာ ပြီးနောက်တွင် FDHs သည် အိမ်တွင် ဆေးဘက်ဆိုင်ရာစောင့်ကြည့်မှုနှင့် ကာကွယ်ဆေးလက်မှတ်အရ ပယင်းကုဒ်ကန့်သတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး ထိုရက်များတွင် DQHs မှ ထွက်သွားပါက 4 ရက်မြောက်နေ့၊ 6 ရက်မြောက်နေ့နှင့် 9 ရက်မြောက်နေ့တို့တွင် နျူကလိစ်အက်ဆစ်စစ်ဆေးမှုကို ပြုလုပ်ရပါမည်။ ၎င်းတို့သည် RATs ကို နေ့စဉ် ဆက်လက်လုပ်ဆောင်ရပါမည်။

## <u>ဝင်ရောက်ခွင့် လိုအပ်ချက်များ</u>

တရားဝင်ခရီးသွားစာရွက်စာတမ်းနှင့် တရားဝင်အလုပ်အကိုင်ဗီဇာ ကိုင်ဆောင်ထားသော FDHs သည် အထွေထွေ လူဝင်မှုကြီးကြပ်ရေး စည်းမျဉ်းများနှင့်အညီ ဟောင်ကောင်သို့ ဝင်/ပြန်လည်ဝင်ရောက် နိုင်ပါသည်။ သက်ဆိုင်ရာကာလအတွင်း (ဟောင်ကောင်သို့ လာ/ဆိုက်ရောက်မည့်နေ့ သို့မဟုတ် ထိုနေ့မတိုင်မ 14 ရက် အတွင်း) တရုတ်နိုင်ငံပြင်ပရှိ မည်သည့်နေရာတွင်မဆို နေထိုင်ခဲ့သော ကာကွယ်ဆေး အကြိမ်ပြည့်ထိုးထားသည့် FDHs အတွက် ဟောင်ကောင်သို့ ဝင်ရောက်ခွင့် လိုအပ်ချက်များမှာ အောက်ပါတို့ဖြစ်ပါသည် -

a. (i) COVID-19 ရောဂါအတွက် 48 နာရီအတွင်းပြုလုပ်ခဲ့သော နျူကလစ်အက်ဆစ်ကို အခြေခံသော PCR စမ်းသပ်မှု၏ အနုတ်လက္ခဏာရလဒ် သို့မဟုတ် (ii) လေယာဉ်ပေါ်မတက်မီ 24 နာရီအတွင်း ပြုလုပ်ခဲ့သော RAT စမ်းသပ်မှု၏ အနုတ်လက္ခဏာ ရလဒ်များနှင့်အတူ ဟောင်ကောင်သို့မလာမီ 14 ရက်မှ 90 ရက်အတွင်း ရောဂါကူးစက်ခံရကြောင်း သက်သေပြရန် စာရွက်စာတမ်း အထောက်အထား

b. ကျန်းမာရေးထောက်ခံချက် QR ကုဒ် (ကာကွယ်ဆေးထိုးမှတ်တမ်း၏ ထောက်ခံချက်အပါအဝင်) (ကျေးဇူးပြု၍ အောက်ပါ "ဟောင်ကောင်သို့လာရောက်ခြင်းနှင့် ဆိုက်ရောက်ပြီးနောက် သီးခြားခွဲထားခြင်းနှင့် စမ်းသပ်ခြင်းများအတွက် လုပ်ထုံးလုပ်နည်းများ"ကိုကြည့်ပါ) နှင့်

c. (ကျန်းမာရေးထောက်ခံချက် QR ကုဒ်သည် အစိမ်းရောင် မဟုတ်ပါက) ဟောင်ကောင်သို့ ဆိုက်ရောက်သည့်နေ့မှစ၍ DQH တွင် 3 ညတာအတွက် အခန်းကြိုတင်မှာယူမှု အတည်ပြုချက်

## ဟောင်ကောင်သို့ လာရောက်ခြင်းနှင့် ဆိုက်ရောက်ပြီးနောက် သီးခြားခွဲထားခြင်းနှင့် စမ်းသပ်ခြင်း လုပ်ထုံးလုပ်နည်းများ

2022 ခုနှစ် ဩဂုတ်လ 12 ရက်နေ့ နံနက် 0.00 နာရီ (ဟောင်ကောင်စံတော်ချိန်) မှစတင်၍ FDHs လိုက်ပါမည့် ဟောင်ကောင်သို့ပျံသန်းမည့် လေယာဉ်များအားလုံးသည် ကျန်းမာရေးဦးစီးဌာန၏ အွန်လိုင်းကျန်းမာရေးနှင့် သီးခြားခွဲထားမှုဆိုင်ရာ သတင်းအချက်အလက် ထောက်ခံချက်(www.chp.gov.hk/hdf/) ကို ကြိုတင်ဖြည့်သွင်းခြင်းဖြင့် ပျံသန်းမှုလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။ DQHs တွင်ကြိုတင်မှာယူရာ၌ ကာကွယ်ဆေးထိုးနှံမှုမှတ်တမ်းနှင့် လိုအပ်သော အချက်အလက်များကို ပေးဆောင်ရပါမည်။ FDHs ၏ DQH ကြိုတင်မှာယူမှုကို စနစ်မှ အောင်မြင်စွာအတည်ပြုပြီးနောက် အစိမ်းရောင် ကျန်းမာရေးမှတ်တမ်း QR ကုဒ်ကို လက်ခံရရှိမည်ဖြစ်သည်။ အစိမ်းရောင် ကျန်းမာရေးမှတ်တမ်း QR ကုဒ်ကို ကိုင်ဆောင်ထားသူများသည် ၎င်းတို့၏ လေကြောင်းခရီးစဉ်များအတွက် စာရင်းပေးသွင်းနေချိန်တွင် ကာကွယ်ဆေးထိုးနှံမှုမှတ်တမ်းနှင့် DQH ကြိုတင်မှာယူမှု အတည်ပြုချက်ကို ထပ်မံစစ်ဆေးရန်မလိုပါ။ ဟောင်ကောင်သို့ရောက်သည့်အခါ DQHs သို့ အစိမ်းရောင် ကျန်းမာရေးမှတ်တမ်း QR ကုဒ်ဖြင့် "အမြန်လိုင်းများ" ကိုလည်း အသုံးပြုနိုင်ပြီး တစ်နေရာမှတစ်နေရာသို့ သယ်ယူပို့ဆောင်ရေးဖြင့်လည်း လိုက်ပါနိုင်ပါသည်။

ဟောင်ကောင်သို့ပြန်လာသော FDHs အတွက် ကာကွယ်ဆေးထိုးနှံမှု မှတ်တမ်းသည် ပျံသန်းမှု လိုအပ်ချက်များနှင့် ကိုက်ညီသော်လည်း ၎င်းတို့၏ DQH ကြိုတင်မှာယူမှု အချက်အလက်များကို စနစ်မှ အတည်မပြုနိုင်သောကြောင့် ပန်းရောင် ကျန်းမာရေးမှတ်တမ်း QR ကုဒ်ကို ထုတ်ပေးပါမည်။ ၎င်းတို့၏ လေကြောင်းခရီးစဉ်များအတွက် စာရင်းပေးသွင်းနေချိန်တွင် DQH ကြိုတင်မှာယူမှု စာရွက်စာတမ်းများကို တင်ပြရန်လိုအပ်ပါလိမ့်မည်။

ဟောင်ကောင်သို့လိုက်ပါမည့် ခရီးသည်များသည် လေကြောင်းလိုင်းများမှ စစ်ဆေးခြင်းများ ပြုလုပ်ရန်အတွက် ကျန်းမာရေးမှတ်တမ်း QR ကုဒ် (ဒေါင်းလုဒ်လုပ်နိုင်သော QR ကုဒ်ဖားရှင်း၊ စခရင်ရှော့(screen shot) သို့မဟုတ် ပရင့်ထုတ်ခြင်း) ကို တင်ပြရပါမည်။
အထက်ပါအစီအစဉ်များ၏ အသေးစိတ်အကြောင်းအရာများအတွက် ကျေးဇူးပြု၍ 2022 ခုနှစ်

ဩဂုတ်လ 8 ရက်နေ့တွင်ထုတ်ပြန်ခဲ့သော အစိုးရ၏သတင်းထုတ်ပြန်ချက်ကို ဝင်ရောက်ဖတ်ရှုပါ။ (www.info.gov.hk/gia/general/202208/08/P2022080800803.htm).

**အလုပ်ရှင်များနှင့် အလုပ်အကိုင်အေဂျင်စီများအတွက် သတိပေးချက်များ**

(a) အလုပ်ရှင်များနှင့် အလုပ်အကိုင်အေဂျင်စီများ (EAs) သည် လေယာဉ်အချက်အလက်များကို စစ်ဆေးသင့်ပြီး ၎င်းတို့၏ FDHs ဟောင်ကောင်သို့လာရောက်ရန် စီစဉ်သည့်အခါ လိုအပ်သည့် စာရွက်စာတမ်းများ ပြင်ဆင်ရန်နှင့် လုပ်ထုံးလုပ်နည်းများ ပြီးဆုံးရန်အတွက် အချိန်လုံလောက်စွာ ခွင့်ပြုပေးသင့်ပါသည်။ အလုပ်သမားများနှင့် အလုပ်အကိုင်အေဂျင်စီများ EAs သည် FDHs ၏ သီးသန့်ခွဲနေခြင်း အစီအစဉ်များပေါ်ဆုံးဖြတ်သင့်ပြီး 3 ည သီးသန့်ခွဲနေရန် အခန်းကြိုတင်မှာယူထားသင့်သည်။ ကြိုတင်မှာယူရာတွင် အပြောင်းအလဲတစ်စုံတစ်ရာရှိပါက FDHs ကို အသိပေးသင့်ပြီး ပြောင်းလဲလိုက်သော အခန်းကြိုတင်မှာယူမှု စာရွက်စာတမ်းများကို ပေးသင့်ပါသည်။ မိသားစုဝင်များ သို့မဟုတ် အဖော်များနှင့် မျှနေရန်အခန်းတစ်ခန်း လိုအပ်သော FDHs အတွက် အသေးစိတ်အကြောင်းအရာများကို COVID-19 အကြောင်းအရာဝဘ်ဆိုဒ်ရှိ အမေးများသောမေးခွန်းများ (ပြန်လာသူများအတွက်) ၏ Q13 ကိုဖတ်ရန် ဤနေရာကိုနှိပ်ပါ။

FDHs အတွက် စံချိန်စံညွှန်းညီ အလုပ်ခန့်ထားမှုစာချုပ် (SEC) အရ အလုပ်ရှင်သည် ၎င်းတို့၏ FDH အား သင့်လျော်သော နေရာထိုင်ခင်းကို အခမဲ့ပံ့ပိုးပေးရမည်ကို ကျေးဇူးပြု၍သတိပြုပါ။ မသင့်လျော်သော နေရာထိုင်ခင်း ဥပမာများတွင် ဆန့်ကျင်ဘက်လိင်၏ အရွယ်ရောက်ပြီးသူ/ဆယ်ကျော်သက်တစ်ဦးနှင့် အခန်းတစ်ခန်းကို မျှဝေသုံးစွဲရန် ကန့်သတ်မထားပါ။

(b) မိသားစုတစ်စုချင်းစီ၏ အခြေအနေများကိုကြည့်ခြင်းအားဖြင့် အလုပ်သမားကော်မရှင်နာသည် 4 ရက် ဆေးဘက်ဆိုင်ရာစောင့်ကြည့်မှုနှင့် 3ရက် ကိုယ်တိုင်စောင့်ကြည့်မှုကို အပြီးသတ်ရန်အတွက် အခြား ဟော်တယ်များမှလွဲ၍ လိုင်စင်ရဟိုတယ်/တည်းခိုရိပ်သာများတွင် FDHs နေထိုင်ရန်အတွက် အလုပ်ရှင်များအား စီစဉ်ပေးရန် ခွင့်ပြုချက်ပေးထားသည်။ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန (LD) သို့ လျှောက်လွှာတင်ရန် မလိုအပ်ပါ။ အလုပ်ရှင်များ သို့မဟုတ် EAs သည် DQHs မဟုတ်သော လိုင်စင်ရဟိုတယ်များ သို့မဟုတ် တည်းခိုခန်းများတွင် FDHs အား ဆေးဘက်ဆိုင်ရာစောင့်ကြည့်ခြင်းနှင့် ကိုယ်တိုင်စောင့်ကြည့်ခြင်းကို ပြုလုပ်ရန်စီစဉ်လိုပါက ကျေးဇူးပြု၍လိုင်စင်ရဟိုတယ်များနှင့် တည်းခိုခန်းများ စာရင်းအတွက် ဤနေရာကိုနှိပ်ပါ။

(c) အလုပ်ရှင်များနှင့် EAs သည် FDHs အား ကျန်းမာရေးဦးစီးဌာန၏ အွန်လိုင်းကျန်းမာရေးနှင့် သီးခြားခွဲထားမှုဆိုင်ရာ အချက်အလက် ထောက်ခံချက်(www.chp.gov.hk/hdf) ကို ကြိုတင်

ဖြည့်သွင်းရန် သတိပေးသင့်သည်။ DQHs ကြိုတင်မှာယူရာ၌ ကာကွယ်ဆေးထိုးနှံမှုမှတ်တမ်းနှင့် လိုအပ်သော အချက်အလက်များကို ပေးရပါမည်။ လေယာဉ်ပေါ်မတက်မီ လေကြောင်းလိုင်းများမှ စစ်ဆေးခြင်းများ ပြုလုပ်ရန်အတွက် အစိမ်းရောင် ကျန်းမာရေးထောက်ခံချက် QR ကုဒ် (ဒေါင်းလုဒ် လုပ်ယူနိုင်သော QR ကုဒ်ဗားရှင်း၊ စခရင်ရှော့(screen shot)တစ်ခု သို့မဟုတ် ပရင့်ထုတ်ခြင်း) ကိုလည်း တင်ပြရပါမည်။

(d) DQHs တွင် 3 ညတာ မဖြစ်မနေ သီးခြားခွဲနေခြင်း ပြီးမြောက်သွားသော FDHs သည် 4 ရက်ကြာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်ခြင်းနှင့် 3 ရက်ကြာ ကိုယ်ပိုင်စောင့်ကြည့်ခြင်းကို ဆက်လက် လုပ်ဆောင်နေစဉ်အတွင်း 4 ရက်မြောက်နေ့ နံနက်ပိုင်း၌ အလုပ်ရှင်၏နေအိမ်တွင် စတင်၍ အလုပ်လုပ်နိုင်ပါသည်။ ၄င်းတို့သည် 4ရက် မှ 10 ရက် အထိနေ့စဉ် RAT စစ်ဆေးမှုများပြုလုပ်ရန် လိုအပ်သည်(2ရက်စလုံးပါဝင်သည်) နှင့် 4 ရက်မြောက်၊ 6 ရက်မြောက်နှင့် 9 ရက်မြောက်နေ့တို့တွင် RATs ၏ အနုတ်လက္ခဏာရလဒ်များ ထွက်ရှိပြီးနောက် ၎င်းတို့သည် တူညီသောရက်များတွင် ဒေသအတွင်းရှိ စစ်ဆေးရေးစင်တာ (အခမဲ့)၊ ရွေ့လျားနမူနာ စုဆောင်းရေးဌာနများ (အခမဲ့) သို့မဟုတ် အစိုးရမှ အသိအမှတ်ပြုသော ဒေသန္တရဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုတွင် အခကြေးငွေပေးကာ စမ်းသပ်မှုတစ်ခုကို ပြုလုပ်ရန်လိုအပ်ပါသည်။ သတ်မှတ်ထားသော အရာရှိများမှ စစ်ဆေးရန်အတွက် FDHs သည် RAT စမ်းသပ်မှုရလဒ်များ၏ ဓာတ်ပုံများအပြင် စမ်းသပ်မှုရလဒ်များပါရှိသော SMS (မိုဘိုင်းလ်ဖုန်းပေးစာ) အသိပေးချက်များ အားလုံးကို သိမ်းဆည်းထားရပါမည်။

(e) ဩဂုတ်လ 12 ရက်နေ့မတိုင်မီ DQHs တွင် အနည်းဆုံးသုံးညတာ မဖြစ်မနေ သီးခြားခွဲနေခြင်း ပြီးဆုံးသွားသော FDHs ကို DQHs မှ ထွက်ခွာခွင့်ပြုပါက ၎င်းတို့သည် DQHs မဟုတ်သော အလုပ်ရှင်များ၏နေအိမ် သို့မဟုတ် လိုင်စင်ရဟိုတယ်များ သို့မဟုတ် တည်းခိုခန်းများတွင် ဆေးဘက်ဆိုင်ရာ စောင့်ကြည့်ခြင်းနှင့် ကိုယ်တိုင်စောင့်ကြည့်ခြင်းကို ပြုလုပ်ရမည်ဖြစ်ပြီး ကာကွယ်ဆေးလက်မှတ်အရ ပယင်းကုဒ်ကန့်သတ်ချက်များကို လိုက်နာရမည် ဖြစ်ပါသည်။ ထိုရက်များတွင် DQHs မှ ထွက်သွားပါက RATs ကို နေ့စဉ်ပြုလုပ်ရမည်ဖြစ်ပြီး 4 ရက် မြောက်နေ့၊ 6 ရက်မြောက်နေ့နှင့် 9 ရက်မြောက်နေ့တို့တွင် နျူကလိစ်အက်ဆစ်စစ်ဆေးမှုကို ပြုလုပ်ရမည် ဖြစ်သည်။ အစိုးရနှင့် DQHs အကြား သဘောတူညီချက်အရ သီးခြားခွဲနေခြင်း မူဝါဒ အပြောင်းအလဲကြောင့် မဖြစ်မနေ သီးခြားခွဲနေခြင်းကာလကို လျှော့ချခြင်းရှိလာပါက DQHs သည် လက်ကျန်ရက်များအတွက် အခန်းခကို ကြိုတင်မှာယူသူထံ ပြန်အမ်းပေးရန် လိုအပ်ပါသည်။

(f) အလုပ်ရှင်များနှင့် EAs သည် သီးခြားထားရှိခြင်းဟိုတယ်များ၏ အခန်းများကို ကြိုတင်

မှာယူရာတွင် FDHs ၏ တရားဝင် နိုင်ငံကူးလက်မှတ်တွင် ဖော်ပြထားသည့် နာမည်အစစ်ဖြင့်သာ မှတ်ပုံတင်ရပါမည်။ ကြိုတင်မှာယူခြင်းမပြုမီ အလုပ်ရှင်များနှင့် EAs သည် သက်ဆိုင်ရာ ဟိုတယ်၏ စည်းကမ်းသတ်မှတ်ချက်များကို ဂရုတစိုက်ဖတ်ရှုရပါမည်။

(g) FDHs သည် ဆေးဘက်ဆိုင်ရာ စောင့်ကြည့်ကာလအတွင်း ပယင်းကုဒ် ကန့်သတ်ချက်အရ နေ့စဉ်မရှိမဖြစ် လိုအပ်သော အန္တရာယ်နည်းသော လုပ်ဆောင်ချက်များကို ပြုလုပ်နိုင်ပါသည်။ ဥပမာ - တစ်နေရာမှတစ်နေရာသို့ ကူးသန်းသွားလာခြင်း၊ စူပါမားကတ်များနှင့် ဈေးကွက်များသို့ ဝင်ရောက်ခြင်း စသည်ဖြင့်

(h) ပယင်းကုဒ်အမျိုးအစားအောက်ရှိ လူပုဂ္ဂိုလ်များသည် ကာကွယ်ဆေးလက်မှတ်နှင့် ဝယ်ယူသူ သို့မဟုတ် လာရောက်ကြည့်ရှုသူတစ်ဦး၏ စွမ်းဆောင်ရည်တို့ဖြင့် "တက်ကြွစွာစစ်ဆေးခြင်း" အကျုံးဝင်သော အောက်ပါနေရာများသို့ မဝင်ရောက်နိုင်ပါ။

- ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး (လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ) (စီးပွားရေး လုပ်ငန်းနှင့် နေရာများ) ဥပဒေ (Cap. 599F) အရ ကာကွယ်ဆေးလက်မှတ်၏ "တက်ကြွစွာ စစ်ဆေးခြင်း" အကျုံးဝင်သည့်ကို နေရာများ -
    - နေရာများသည် QR ကုဒ် အတည်ပြုခြင်း စကင်နာကို အသုံးပြုရန်နှင့် Cap. 599F အရ ထိန်းချုပ်ရန် လိုအပ်ပါသည်။ ဥပမာ - စားသောက်ဆိုင်များ (ဘား သို့မဟုတ် အရက်ဆိုင်များအပါဝင်)၊ **အပန်းဖြေ**ဂိမ်းစင်တာများ၊ ရေချိုးခန်းများ၊ ခန္ဓာကိုယ်ကြံ့ခိုင်ရေး စင်တာများ၊ အပန်းဖြေနေရာများ၊ မိုးလုံလေလုံ အများပြည်သူ ဖျော်ဖြေရေးနေရာများ၊ ပါတီခန်းမများ၊ အလှပြင်ဆိုင်များနှင့် အနှိပ်ခန်းများ၊ ကလပ်အိမ်များ **၊ ကလပ်များ** သို့မဟုတ် နိုက်ကလပ်များ၊ ကာရာအိုကေဆိုင်များ၊ မာဟ်ဂျောင်တင်ကာအူ အဆောက်ဦးများ၊ မိုးလုံလေလုံ အားကစားရုံများ၊ ရေကူးကန်များ၊ အပျော်စီးသင်္ဘောများ၊ မိုးလုံလေလုံ ပွဲအခင်းအကျင်းများ၊ ဆံပင်ညှပ်ဆိုင်များ သို့မဟုတ် ဆံပင်အလှပြင်ဆိုင်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ။
    - ကာကွယ်ဆေးလက်မှတ်ကို တတ်နိုင်သရွေ့ အမြင်အာရုံဖြင့် စစ်ဆေးရန် လိုအပ်သော နေရာများ ဆိုလိုသည်မှာ - အများပြည်သူ ဖျော်ဖြေရေး ပြင်ပနေရာများ၊ ပြင်ပ အားကစား အဆောက်အအုံများနှင့် ပြင်ပ ပွဲအခင်းအကျင်းများ။
- အခြားနေရာများ - သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာများ၊ မသန်စွမ်းသူ စောင့်ရှောက်ရေးဂေဟာများ၊ စာသင်ကျောင်းများနှင့် သတ်မှတ်ထားသော ကျန်းမာရေး စောင့်ရှောက်မှု အဆောက်အအုံများ။

## FDHs အတွက် သတိပေးချက်များ

အစိုးရသည် FDHs အား လေယာဉ်ပေါ်တက်သည့်အခါတွင် သက်မှတ်ထားသော လိုအပ်ချက်များကို တင်းတင်းကျပ်ကျပ် လိုက်နာရန်သတိပေးထားသည်။ FDH သည် သက်ဆိုင်ရာ လိုအပ်ချက်များနှင့် မပြည့်စုံပါက လေယာဉ်ပေါ်လိုက်ပါခွင့် ရမည်မဟုတ်သလို ဆိုက်ရောက်ချိန်တွင် ဟောင်ကောင်သို့ ဝင်ရောက်ခွင့်ကိုလည်း ငြင်းပယ်ခံရနိုင်သည်။ ရောဂါကာကွယ်ထိန်းချုပ်ရေး (နယ်နိမိတ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးများနှင့် ခရီးသွားများ လိုက်နာရန်ဥပဒေ) ဥပဒေ (Cap. 599H) အရ ဟောင်ကောင်သို့လာရောက်သည့် ခရီးသည်တစ်ဦးသည် အချက်အလက်များပေးရန် လိုအပ်ချက်ကို လိုက်နာရန်ပျက်ကွက်ပါက သို့မဟုတ် မှားယွင်းသော သို့မဟုတ် အထင်အမြင် လွဲမှားစေသော အချက်အလက်များကို သိလျက် သို့မဟုတ် မသိဘဲ မဆင်မခြင်ပေးပါက ပြစ်မှုကျူးလွန်ခြင်းဖြစ်ပြီး ပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ၎င်းအား အဆင့် 3 တွင် အမြင့်ဆုံးဒဏ်ငွေ ($10,000) နှင့် ထောင်ဒဏ် ခြောက်လ ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်ကြောင်း သံသယရှိပါက စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး တရားစွဲဆိုခြင်းအပြင် အစိုးရသည် ဟောင်ကောင်ရှိ သက်ဆိုင်ရာကောင်စစ်ဝန်ချုပ်နှင့် လူဝင်မှု ကြီးကြပ်ရေးဌာနတို့ကိုလည်း အသိပေး အကြောင်းကြားမည်ဖြစ်ပါသည်။ FDH ၏ အလုပ်အကိုင် ဗီဇာအတွက် လျှောက်ထားမှုများကို ထိခိုက်နိုင်ပါသည်။

နိုင်ငံရပ်ခြားမှ ဟောင်ကောင်သို့ ရောက်ရှိလာသောသူများအား မဖြစ်မနေသီးခြားခွဲနေခြင်း ဥပဒေ (Cap. 599E) အရ ကျန်းမာရေးဦးစီးဌာနသည် အဆိုပါ ရောက်ရှိလာသူများအတွက် မဖြစ်မနေ သီးခြားခွဲနေခြင်းပြုလုပ်ရန် အမိန့်ထုတ်ပြန်မည်ဖြစ်သည်။ သီးခြားခွဲနေခြင်းအမိန့်အရ ၎င်းတို့သည် သီးခြားခွဲနေခြင်း ပြုလုပ်နေစဉ်ကာလအတွင်း ၎င်းတို့၏အခန်းများကိုထားခဲ့ပြီး ဟိုတယ်အတွင်း ရွှေ့ပြောင်းခြင်းမပြုရပါ။ သတ်မှတ်ထားသော အခန်းများမှထွက်ခွာခြင်းသည် သီးခြားခွဲနေခြင်း အမိန့်ကို ဖောက်ဖျက်မှုအဖြစ် သတ်မှတ်မည်ဖြစ်ပြီး ရာဇဝတ်မှုတစ်ခု ကျူးလွန်ခြင်းဖြစ်ပါသည်။ ပြစ်မှုကျူးလွန်သူများကို အမြင့်ဆုံး ထောင်ဒဏ်ခြောက်လနှင့် ဒဏ်ငွေ ($25,000) ချမှတ်နိုင်ပါသည်။

မဖြစ်မနေစမ်းသပ်ခြင်းနှင့်စပ်လျဉ်း၍ အစိုးရသည် FDHs အား 4 ရက်မြောက်၊ 6 ရက်မြောက်နှင့် 9 ရက်မြောက်နေ့တို့တွင် မဖြစ်မနေစမ်းသပ်မှုများနှင့် 4 ရက်မြောက်မှ 10 ရက်မြောက်နေ့အထိ နေ့စဉ် RAT စမ်းသပ်မှုများကို ခံယူရန် သတိပေးထားသည်။ ၎င်းတို့သည် သတ်မှတ်ထားသော အရာရှိများမှ စစ်ဆေးရန်အတွက် RAT စမ်းသပ်မှုရလဒ်များ၏ ဓာတ်ပုံများအပြင် စမ်းသပ်မှုရလဒ်များပါရှိသော SMS (မိုဘိုင်းလ်ဖုန်းပေးစာ) အသိပေးချက်များအားလုံးကို သိမ်းဆည်းထားရပါမည်။ မဖြစ်မနေ စမ်းသပ်မှု သတိပေးချက်ကို လိုက်နာရန်ပျက်ကွက်သူသည် ရာဇဝတ်မှုတစ်ခု ကျူးလွန်ခြင်းဖြစ်ပြီး ပြစ်ဒဏ်ချမှတ်ခံရပါက အဆင့် 4 တွင် အမြင့်ဆုံးဒဏ်ငွေ ($25,000) နှင့် ထောင်ဒဏ်ခြောက်လ

ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်ခြင်းအတွက် ပုံသေသတ်မှတ်ထားသောပြစ်ဒဏ်မှာ ဒဏ်ငွေ $10,000 ဖြစ်ပါသည်။ သတ်မှတ်ထားသော အချိန်အတိုင်းအတာတစ်ခုအတွင်း စစ်ဆေးမှုခံယူရန် မဖြစ်မနေ စမ်းသပ်ခြင်းအမိန့်ကိုလည်း ထုတ်ပြန်နိုင်ပါသည်။ အဆိုပါအမိန့်ကို လိုက်နာရန်ပျက်ကွက်ခြင်းသည် ရာဇဝတ်မှုတစ်ခုဖြစ်ပြီး ပြစ်မှုကျူးလွန်သူကို အဆင့် 5 တွင် ($50,000) နှင့် ထောင်ဒဏ်ခြောက်လ ချမှတ်နိုင်ပါသည်။

**<u>သက်ဆိုင်ရာ သတင်းအချက်အလက်</u>**

- 2022 ခုနှစ် သြဂုတ်လ 8 ရက်နေ့ထုတ် အစိုးရ၏ သတင်းထုတ်ပြန်ချက် "နေရပ်သို့ပြန်လာသူများအတွက် သီးခြားခွဲထားမှု အစီအစဉ်များ၏ ပြုပြင်ပြောင်းလဲမှုများ"
- 2022 ခုနှစ် သြဂုတ်လ 10 ရက်နေ့ထုတ် LD ၏ သတင်းထုတ်ပြန်ချက် "နိုင်ငံခြားသား အိမ်အကူများအတွက် သီးသန့်ခွဲထားမှု နောက်ဆုံးအစီအစဉ်များ"
- ဟောင်ကောင်သို့ ရောက်ရှိလာသူများအတွက် နေထိုင်ခွင့်နှင့် သီးခြားခွဲထားမှု အစီစဉ်များ
- မဖြစ်မနေသီးခြားခွဲနေထိုင်ခြင်းကာလအတွင်း ခရီးသွားများအတွက်ကျန်းမာရေးအကြံပြုချက်များ
- သီးခြားခွဲနေရန်အတွက် ဟိုတယ်တွင်တည်းခိုသည့်အခါ သတိပြုရန်အချက်များ
- နိုင်ငံရပ်ခြားမှ ခရီးသွားများအတွက် ကိုယ်ပိုင်စောင့်ကြည့်ရေး ကာလနှင့်ပက်သက်၍ သတိပြုရန် အချက်များ
- 2022 ခုနှစ် သြဂုတ်လ 8 ရက်နေ့ထုတ် အစိုးရ၏ သတင်းထုတ်ပြန်ချက် "အစိုးရမှတိုးမြှင့်ထားသော ကာကွယ်ဆေးလက်မှတ်၏ လုပ်ဆောင်ချက်များ"

အောက်ပါ ဘာသာစကားများအတွက် ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု စင်တာ၏ ဝဘ်ဆိုက်ရှိ "နိုင်ငံရပ်ခြားမှ ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ သီးခြားခွဲထားမှု အစီစဉ်များ" အပိုင်းကို ကြည့်ပါ။

- ဘာဟာဆာ အင်ဒိုနီးရှား - www.chp.gov.hk/en/features/102790.html#HQA01
- ဘင်္ဂါလီ - www.chp.gov.hk/en/features/102796.html#HQA01
- ဟိန္ဒူ - www.chp.gov.hk/en/features/102743.html#HQA01
- နီပေါ - www.chp.gov.hk/en/features/102786.html#HQA01
- တဂါ့လော့ဂ် - www.chp.gov.hk/en/features/102791.html#HQA01
- ထိုင်း - www.chp.gov.hk/en/features/102788.html#HQA01
- ဆင်ဟာလာ - www.chp.gov.hk/en/features/102799.html#HQA01
- အာရ်ဒူ - www.chp.gov.hk/en/features/102787.html#HQA01
- ဗီယက်နမ် - www.chp.gov.hk/en/features/102797.html#HQA01

## <u>**စုံစမ်းမေးမြန်းမှုများ**</u>

*ကျန်းမာရေးဦးစီးဌာန*

- ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုစင်တာ ဟော့လိုင်း - 2125 1111 / 2125 1122 / 183 0111
- မဖြစ်မနေ စမ်းသပ်မှု ဟော့လိုင်း - 6275 6901
- HKSAR အစိုးရ၏ COVID-19 WhatsApp အကူအညီလိုင်း - 9617 1823

*LD*
စုံစမ်းမေးမြန်းမှုများအတွက် FDH သီးသန့်ဟော့လိုင်း 2157 9537 ("1823" ဖြင့် အတည်ပြုသည်) သို့ ခေါ်ဆိုခြင်း သို့မဟုတ် fdh-enquiry@labour.gov.hk သို့ အီးမေးလ်ဖြင့် LD ကို ဆက်သွယ်နိုင်ပါသည်။